ရောဝတီရဋ္ဌကမ္ဗနိကို မြန်မာဘာသာပြန်သော် ' ရောဝတီနတ်နဂါးတို့၏နေရာ 'ဟုဆိုလိုသည် ။ ။ သီရိမ္ဗာရမည်သောပြည်ကိုမြန်မာဘာသာပြန်သော် 'ဘုန်းကျက်သရေရှိသဖြင့် ထွန်းတောက်ပသောပြည် ' ဟုဆိုလိုသည်။ ထိုမင်းတို့လက်ထက်ဝယ် ပုညရှင်ဘုရားရှိသော တောင်သည် ဓမ္မိကတောင်တွင်သည်။

ရတနာပူရ အဝ သန်လျက်ခုံကျွန်းကြီးသည် သီရိမ္ဗာရမည်သောပြည် ဖြစ်သောကာလ၌ အတိတရာဇာမင်း၊ သားကုမုဒ္ဒရာမင်း ( ကုမုဒရာဇာမင်း )၊ သား အမရဒေဝမင်း၊ သားမဟာသကြိမင်း၊ ( မဟာသကျမင်း )၊ သား ဒေဝရောဇမင်း၊ သား မဟာရောဇမင်း၊ သား အဘိဥပရာဇ်မင်း၊ သား အဘိသေက သုမ္ဗောရာဇ်မင်း၊ သား ပဝရာသူရမင်း၊ သား ဇေယျဓမ္မမင်း ( ဇေယမန္ဒနမင်း )၊ သား ကောဘိနန္ဒမင်း၊ သား သုန္ဒရမင်း၊ သား သဲမာရမင်း၊ သား သုရဒေဝမင်း၊ ဥတ္တမဝိရာဇမင်း၊ သူရာမင်း၊ ဣန္ဒရာဇ်မင်း ( အန္ဒရာဇ်မင်း )၊ သီဟကမ္ဗုမင်း၊ အနက္ခပုညမင်း၊ သမ္မုတိမင်း၊ မဟိန္ဒရာဇာမင်း၊ စက္ကသဟရာဇ်မင်း၊ မဏ္ဍုကဇေယျမင်း ( မဏ္ဍလဇေယျမင်း )၊ သောတာပဝရမင်း၊ ဒိဒိမာနမင်း၊ ဥပရပါကမင်း စသော အသောင်းမကသော မင်းတို့သည် ငှင်းဓမ္မိကစသော တောင်တို့၌ ရသေ့ရဟန်း ပြုကြကုန်၍ ကသိုဏ်းပရိကံ လေ့လာပျော်မြူးလျက် လောကီဈာန်ချမ်းသာကို ရကြကုန်သည်ချည်း ဖြစ်ကုန်၏။

ငှင်းဓမ္မိကတောင်ဝယ် ဝဏ္ဏရူပမင်းသမီး၊ ဝဏ္ဏနာစာရီ ( ဝဏ္ဏဒါရီ )၊ တူမ နာဂစန္ဒီ၊ အာကန် မိတ္တာ ပေါင်းလေးယောက်တို့သည် မနောမယမင်း၏ သမီးတို့တည်း။ တောထွက်၍ ရသေ့မအဖြစ်ဖြင့် ကျင့်နေကြဖူးသည်။

ငှင်းနောက် မုဒုကမင်းသမီး ( မဓုကလျာဏီ မင်းသမီး )၊ ရူပဝတီ မင်းသမီး၊ မဏိမာယာ မင်းသမီး၊ စန္ဒာဒေဝီ မင်းသမီး ( စန္ဒာဒေဝီမိဖုရား )၊ သုစိတ္တာ မင်းသမီး၊ သုနန္ဒာ မင်းသမီး ( စိတ္တသုနန္ဒာ မင်းသမီး )၊ ခေမာ မင်းသမီး၊ ဝန္ဒနာ မင်းသမီး ( စန္ဒနာမင်းသမီး )၊ သုကေသာ မင်းသမီး၊ သုမာလာ မင်းသမီး၊ သုပိယာ မင်းသမီးစသော ရာမညတိုင်းတို့မှ များစွာသော မင်းသမီးတို့သည် အခြွေအရံ များစွာနှင့် သစ်သီးစား၍ တရားအလို့ငှာ မုနိသာရီ အမျိုးရှိသော ရသေ့မတို့နှင့်တကွ ရသေ့မပြုလုပ်၍ နေဖူး ကျင့်ဖူးကြသည်။ ထိုမှတစ်ပါး ပုဏ္ဏားပုဏ္ဏေး၊ သဌေးသူကြွယ် အစရှိသော အမျိုးလေးပါး တို့သည် သာသနာတော်ပ ကာလဖြစ်၍ ရသေ့ရဟန်းတို့ အသီးသီးပြုကြကုန်၏။

ထို့နောက် အမည် ရှေ့လျော့ကြလျှင် သုန်ဖျင်း၍ ငှင်းဓမ္မိကတောင်သည် ငါတို့ဘုရား မရှိသည့်နောက် အနှစ် ၇ဝ ( အနှစ်ကိုးဆယ် ) ကျော်ခန့်တွင် ရဟန္တာ နာဂဒတ္တမထေရ်သည်

လက်ထက်က ရရှိခြင်းဖြစ်သော နန်းစဉ်ပစ္စည်းအချို့ကို သီဟသူမင်းကြီးအား လက်ဆောင်အဖြစ် ပေးအပ်ခဲ့သည်ကို ထောက်သဖြင့် ပုဂံမင်းအဆက်ဆက် ကိုးကွယ်ခဲ့သော သရီရဓာတ်တော် များမှာလည်း ပုဂံမိဖုရားဟောင်း ဘွားစော လက်မှပင် တစ်ဆင့် ဆင်းသက်လာဖွယ်ရာ ရှိသည်ဟု ယူဆရပေသည်။ ဤသို့ယူလျှင် သီရိဓမ္မာသောက စေတီသမိုင်းအဆိုနှင့်လည်း ညီညွတ်ဖွယ်ရာရှိလေသည်။ သို့ရာတွင် သီရိဓမ္မာသောက စေတီသမိုင်းက ဓာတ်တော်များကို ' ရတနာပန်းတောင်း ' တွင် ဌာပနာသည်ဆို၍ မှန်နန်းက ' ကွမ်းခွက်တော် ' တွင် ဌာပနာထားကြောင်းဆို၍ အနည်းငယ် ကွဲလွဲနေပေသေးသည်။

## ရတနာပန်းတောင်းနှင့် ကွမ်းခွက်တော်

ဤနေရာ၌ ထိုအဆောင်အယောင် နှစ်မျိုးတို့၏ အသုံးကို ရွှေဘုံ နိဒါန်းနှင့်အညီ ညှိ၍ ကြည့်သင့်ရာ၏။ ရွှေဘုံနိဒါန်းပိုဒ်ရေ ၁၅ သီဟာသန ပလ္လင် မင်းမြှောက်တန်ဆာ ငါးပါး အကြောင်းတို့နှင့် ဆက်လျက်တွင် ' ရတနာပန်းတောင်း ' အကြောင်းကို ဤသို့ဖော်ပြထားပေသည်။

" ရတနာပန်းတောင်းမှာ ဘုရားသခင် မွေတော် ဓာတ်တော်တို့ကို ရတနာပန်းတောင်း၌ စုရုံး ကျိန်းဝပ်စေ၍ အဇာတသတ်မင်းကြီး စေတီကြီးစွာ တည်သည်၊ နော်ရထာမင်းစော ဇေယျခုံစေတီကို တည်သည့် ကာလ မွေတော် ဓာတ်တော် ညပ်ရိုးတော်တို့ကို ရတနာပန်းတောင်းတွင်ထည့်၍ ဌာပနာ သည်၊ တရုပ်ပြည်မှ စွယ်တော်ပွားကို အနော်ရထာမင်းစော ရတနာပန်းတောင်းဖြင့်ခံသည်၊ အလောင်းစည်သူမင်းလည်း ရတနာပန်းတောင်း၌ ကျောက်ကိုးပါးပြင့်ထည့်၍ ပူဇော်ကန်တော့ပြီးလျှင် စကားကိုးပိုင်း သရက္ခန်ငါးဆူ ဘုရားသခင်ရုပ်ထု ကျိန်းဝပ်တော်မူလိုရာ နိမိတ်ထင်စေသောဟု မိဋ္ဌာန် သစ္စာပြုသည် ဆိုသည်များကို ထောက်လျှင် ရတနာပန်းတောင်းသည် မင်းတို့အစဉ် သုံးဆောင်ရာ အရှိအသေပြုရာ သစ္စာမိဋ္ဌာန်ပြု၍ ဆုပန်တောင်းသည်များကို ထောက်၍သိရာသည် " ဟု ဖော်ပြ ထားပါသည်။

ကွမ်းခွက်တော်နှင့် ပတ်သက်၍လည်း ထိုအပိုဒ်မှာပင် ဆက်လက်၍ " ခြသေ့ခံကွမ်းခွက်မှာ ဝက်ရာဇ်ပြည်၌ ဝိဇယဗာဟုမင်း လက်ထက်သုံးသည့် အဆောင်ဆိုသည် "ဟူ၍လည်းကောင်း၊ " နဂါးခံ ကွမ်းခွက်မှာ တကောင်းသတိုး ၁၇ ဆက် သတိုးနဂါးရမင်း လက်ထက်ဆောင်သည့် အဆောင်ဖြစ်သည် ဆိုသည် " ဟူ၍လည်းကောင်း၊ ၊ ပုံနန်းကွမ်းခွက်မှာ အိမ်ရှေ့မင်းအဆောင်၊ မိဖုရားအဆောင်၊ ဗိုနန်း

ကွမ်းခွက်၊ ထောင့်ချိုးကွမ်းခွက်၊ ၁၂ မြှောင့်ကွမ်းခွက်၊ ၈မြှောင့်ကွမ်းခွက်များသည် ကျောက်စီမှန်တပ် ပယင်းတပ်သာ ခြားနားကြသည်၊ ၈ထောင့်ကွမ်းခွက်မှာ ရွှေသားသက်သက်လည်းရှိသည်၊ မှန်တပ် ပယင်းတပ်လည်းရှိသည်။ လေးထောင့်ကွမ်းခွက်၊ အဝန်းကွမ်းခွက်မှာ ရွှေသားသက်သက်သာ လုပ်ဆောင် သည် " ဟူ၍လည်းကောင်း ဖော်ပြထားလေသည်။ ကွမ်းခွက်အသုံးကို ဖွင့်ပြထားခြင်းမရှိသော်လည်း ကွမ်းခွက်ဟူသော အမည်ပညတ်ဖြင့် ကွမ်းပန်းထည့်၍ သုံးဆောင်စရာ အဆောင်တစ်မျိုးဟု ဆိုရမည် ဖြစ်လေသည်။ ပန်းတောင်းနှင့် ကွမ်းခွက်ပုံသဏ္ဌာန် ကွဲပြားချက်ကိုကား ဟံသာဝတီမှ အသစ်ပြန်လည် ရိုက်နှိပ်သော ' ရွှေဘုံနိဒါန်း ' တွင် ကြည့်ရှုနိုင်ကြပေသည်။

ဤသို့ ရတနာပန်းတောင်းနှင့် ရတနာကွမ်းခွက်တော်တို့၏ အသုံးကို ရွှေဘုံနိဒါန်းအရ ခွဲခြား၍ သိရှိရခြင်းဖြင့် သီရိမဟာသောက စေတီသမိုင်းအဆိုဖြစ်သော ရတနာပန်းတောင်းသည် ရတနာကွမ်းခွက်ထက်ပင် မွေတော်ဓာတ်မြတ်များနှင့် ပိုမိုနီးစပ်လျက် ရှိနေကြောင်းကို တွေ့ရှိရပေသည်။ သို့ရာတွင် ပုညရှင်သမိုင်း အရပ်ရပ်တို့၌ ရတနာပန်းတောင်းထက် ရတနာကွမ်းခွက် အဆိုဘက်တွင် အလေးသာလျက် ရှိနေခြင်းနှင့် သီဟသူမင်းကြီးကိုယ်တိုင် သရီရဓာတ် ကိန်းဝပ်လျက်ရှိသော ရတနာ ကွမ်းခွက်တွင် ကွမ်းပြင်၍စားမိကြောင်းနှင့် မွေတော်မြတ် ခုနစ်ဆူနှင့် ယင်း၏အညွန်းသော့ချက် ဖြစ်သော ' သတ် ' ဟူသော အက္ခရာပါ တစ်ထောင့်စီ မြုပ်နှံဌာပနာရန်အတွက်မှာလည်း ပန်းတောင်း ထက်ရှစ်ထောင့်ကွမ်းခွက်မျိုးသာလျှင် ဖြစ်နိုင်ဖွယ်ရာရှိသောကြောင့် အများစုဖြစ်သောကွမ်းခွက်ကိုသာလျှင် ဤပုညရှင် သမိုင်းအရာ၌ လက်ခံယူရပေတော့မည်။ မွေတော်ဓာတ်မြတ်တို့ကို အစဉ်အလာအားဖြင့် ခံယူရိုးဖြစ်သော ရတနာပန်းတောင်းကိုအသုံးမပြုဘဲ ရတနာကွမ်းခွက်ကို အသုံးပြုခြင်းမှာ ရှားပါးမွန်မြတ် လှသော သရီရဓာတ်တော်တို့ကို လျှို့ဝှက်စွာ ကိုးကွယ်လိုသောကြောင့် ဖြစ်ဟန်တူပေသည်။ ယင်းသည်ကို မသိသဖြင့် တစီးရှင် သီဟသူသည် ကွမ်းလက်ဖက်ပြင်၍ သုံးဆောင်မှားမိခြင်း ဖြစ်သည်ဟု ယူဆဖွယ်ရာဖြစ်လေသည်။ ဤသည်မှာ သီရိမဟာသောက စေတီသမိုင်းအရ သရီရဓာတ်တော် ၇ ဆူတို့ အနော်ရထာမင်းစော လက်ထက်မှစ၍ တစ်ဆင့်ပြီးတစ်ဆင့် တစီးရှင် သီဟသူမင်းကြီးလက်သို့ ဆင်းသက်ရောက်ရှိလာပုံကို ကျမ်းညို၍ ပြလိုက်ခြင်းဖြစ်လေသည်။ ဤဆင်းသက်ပုံသည် မင်းစဉ်မင်းဆက်မပျက် လောကုတ္တရာ အမွေဆက်ခံယူသည့် နည်းမျိုးဖြင့် ရိုးသားစွာ ဆင်းသက်လာခြင်းဖြစ်သည်ဟု ဆိုရမည် ဖြစ်လေသည်။

သို့ရာတွင် ပြီးခဲ့သည့်အခန်း ၃ တွင် ဖော်ပြခဲ့သော တောင်ဖီလာဆရာတော်သွင်းစာနှင့် ယင်းသွင်းစာကို အခြေပြု၍ ရေးသားကြသော ပုညရှင်သမိုင်း အရပ်ရပ်တို့တွင်ကား ' သရီရဓာတ်တော်

ရောဝတီကျွန်းကို စောင့်ရှောက်နေသောနတ်က လူအိုအသွင် ဖန်ဆင်း၍ လှေနှင့်တကွနေနှင့်သည် ဆို၏။ လှေပေါ်ကလူကလည်း ငစိန်သင်အား တက်ခဲ့တော့ဆို၍ လှေနှင့်တင်ပြီး စစ်ကိုင်းဘက် ပို့ပေးလေသည်။ မိုးသောက်မှ ငစိန်သင်လည်း ပုညအမတ်အိမ်သို့ သွားရလေ၏။

## စစ်ကိုင်းမြို့ဟောင်းတည်ရာ

ထိုအခါ စစ်ကိုင်းမြို့ကို တစီးရှင် သီဟသူ၏ သားတော် အသခ်ယာစောယွမ်း စိုးစံတော်မူလျက်ရှိ၏။အကယ်၍ပုညစေတီတော်တည်သည့်သက္ကရာဇ် “. သောနှင့်သတ္တ၊ စတုချ၊ ပုညစေတီတော်” ဟူသော စေတီဝင်ချုပ် သံပေါက်နှင့်အညီ ၆၇၄ ခုနှစ်သာ မှန်ခဲ့လျှင် ထိုအချိန်ပိုင်းတွင် အသခ်ယာစောယွမ်းသည် မြို့စားဘဝသာရှိပေဦးမည်။ သို့မဟုတ် တောင်ဖီလာဆရာတော်သွင်းစာအရ ၆၈၄ ခုနှစ်ကျမှ ပုညစေတီကို တည်မည်ဆိုလျှင် အသခ်ယာစောယွမ်း မင်းအဖြစ်သို့ ရောက်ရှိနေချိန် ဖြစ်ပေမည်။ အသခ်ယာစောယွမ်းသည် မှန်နန်းရာဇဝင်အရ သက္ကရာဇ် ၆၇၇ ခုနှစ်ကပင် မင်းအဖြစ်သို့ ရောက်၍ ဦးကုလား မဟာရာဇဝင်ကြီးအရ သက္ကရာဇ် ၆၈၄ – ၆၈၅ နှစ်ကျမှ မင်းအဖြစ်သို့ ရောက်ရှိလေသည်။ ယခုယူဆချက်မှာ မှန်နန်းရာဇဝင်တော်ကို အခြေခံထားပြီး ယူဆထားခြင်းဖြစ်လေသည်။ ရှေ့နောက်စကားကို ဆင်ခြင်ထောက်ရှုသော် အသခ်ယာစောယွမ်း မင်းအဖြစ်သို့ ရောက်ရှိနေပြီဟု ဆိုရမည် ဖြစ်လေသည်။

ငှင်းပြင် အထူးသတိပြုသင့်ကြသည်မှာ အသခ်ယာစောယွမ်းမင်း၏ စစ်ကိုင်းမြို့ဟောင်းရာသည် ယခုတည်ရှိနေသည့် စစ်ကိုင်းမြို့မတွင် မဟုတ်မူ၍ ယခုစစ်ကိုင်းမြို့သစ်မှ အရှေ့မြောက်ဖျားတစ်မိုင် ကျော်ကျော်ကွာဝေးသော ရွှေမင်းဝံတောင်နှင့် ခါဝဲတောင် ကြား၊ ယခုအခါ ရန်နိုင်၊ ပဲကူး၊ စိန်ကုံး၊ နတ်ပန်း၊ ဈေးကြီး၊ သာစည်စသော ရပ်ကွက်များ တည်ရှိရာ မြို့အရှေ့မြောက်စွန်အပိုင်း ဖြစ်လေသည်။

ဤမြို့အနေအထားသည် သီရိဓမ္မာသောက စေတီသမိုင်းက ဖော်ပြထားသင့်အတိုင်း ရှေးကြက်ယက်မှ ကူးလျှင် ပို၍နီးပြီး ခရီးလမ်းဖြောင့်တန်းနေသည်ကို တွေ့ရပေသည်။ သို့ရာတွင် ပိုမိုခိုင်ခန့်သော တောင်ဖီလာဆရာတော်၏ သာလွန်မင်းတရားထံသွင်းစာနှင့် အညီပင် အဝမြို့တည်ရာ သန်လျက်ခုံကျွန်းက ပန်းထိမ်ငစိန်သင် ကူးသည်ထား စစ်ကိုင်းမြို့အောက်ဆွယ်တွင် တင်ဖွယ်ရာ

ရှိလေသည်။ မည်သည့်ဌာနမှ ကူးသည်ဖြစ်စေ စစ်ကိုင်းဘက်ကမ်းသို့မှကား ညအချိန်မတော် ရောက်သွားမည်ဖြစ်၍ ရောက်ရာဌာနတွင် တစ်ညဥ့်ခိုပြီးမှ မိုးသောက်တွင် အမတ်ပုညာအိမ်သို့ သွားရမည်ဖြစ်လေသည်။ ဤအတိုင်းပင် တောင်ဖီလာဆရာတော်သွင်းစာနှင့် ဘိုးဝဇီရမှတ်တမ်းတွင် ဖော်ပြထားလေသည် ။

## ပုညာသည် မြို့သူကြီးလော အမတ်လော

သာလွန်မင်းတရားကြီးက တော်ဖီလာဆရာတော်ကိုလျှောက်ထားရာ၌ " စစ်ကိုင်းမင်းဝံတောင်တွင် စေတီတော်ကို ပုညစေတီခေါ်ဝေါ်ကုန်သည် ပုညဆိုသူသည် မြို့သူကြီးလော၊ အမတ်ပင် ပုညာခံသလော " ဟုအမေးတော်ရှိသည်ကို တောင်ဖီလာဆရာတော်က " ပုညာအမတ် " ဟုဆိုခဲ့လေသည်။သို့ရာတွင် ပုညာအမတ်သည် တစီးရှင် သီဟသူ၏ အမတ်ဖြစ်သည်၊ သို့မဟုတ် စစ်ကိုင်းမြို့တည် အသင်္ခယာစောယွမ်း၏ အမတ်ဖြစ်သည်ကိုကား ခွဲခြား၍မဆိုခဲ့ပေ သို့ခွဲခြား၍မဆိုခဲ့သော်လည်း ကာလဒေသကို ထောက်ချင့်လျှင် ပုညာအမတ်သည် အသင်္ခယာစောယွမ်း၏ သစ္စာတော်ခံ အမတ်သာဖြစ်သင့်ပေသည်။ ထို့ကြောင့်လည်း စေတီယ ဒီပနီ၊ စစ်ကိုင်းတောင်ညွှန်း စသည်တို့တွင် " ဆင်ဖြူတစီးရှင်၏ သားတော် အသင်္ခယာစောယွမ်း၏ သေနာပတိ အမတ်ကြီးဖြစ်သော ပုညာအမတ် " ဟု ထုတ်ဖော်ရေးသားခဲ့ခြင်း ဖြစ်လေသည်။ ဝေါဟာရလိနတ္ထဒီပနီကျမ်း အမစ္စနာမ ပဋ္ဌဗန္ဓစိန္တာခန်း ' ပညာ ' ပုဒ် ဖွင့်ပြရာ၌လည်း " အသင်္ခယာစောယွမ်းမင်းလက်ထက် ပုညရှင် ဒါယကာ ပုညာဟူသော အမတ်ကြီးရှိကြောင်းကို ဆရာတော်တို့ ဆက်သွင်းသောစာတမ်းတွင်လာသည် " ဟု အသင်္ခယာစောယွမ်း၏ အမတ် အဖြစ်ဖြင့်ရေးသားထားပေသည်။ သို့ရာတွင် အင်းဝဆင်ဖြူရှင်၏ ပုညစေတီကျောက်စာနှင့် စေတီဝင်ချုပ် သံပေါက်တို့၌ သားတော် ဆင်ဖြူရှင် သီဟသူ၏ အမတ်ကြီးဟူ၍လည်းကောင်း၊ ပင်းယ အမတ်ကျော်ဟူ၍လည်းကောင်း၊ ပုညာအမတ်ကို တစ်မျိုးထုတ်ဖော်ရေးသားထားသည်ကို တွေ့ရပြန်လေသည်။

ဤသို့ ပုညအမတ်ကြီးအား စစ်ကိုင်းမြို့တည်မင်းနှင့် ပင်းယမြို့တည်မင်းနှစ်ပါးတို့၏ သစ္စာခံသဘောမျိုး သက်ရောက်သော အရေးအသားမျိုး ဖြစ်နေရသည်မှာ အမတ်ကြီးဘဝကပင် မင်းနှစ်ပါးစလုံး၏ သြဇာခံဘဝသို့ကျရောက်နေသောကြောင့်ဟု ဆိုရမည်ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော် အမတ်ပုညာသည် ပထမက ပင်းယတစီးရှင် သီဟသူ၏ အမတ်အဖြစ် ခစားနေရာမှ

## စစ်ကိုင်းတောင် – စစ်ကိုင်းမြို့၏
## ( ကိုးနဝင်းကြေ – သိမှတ်ဖွယ်ရာအဖြာဖြာ )

| ကြီး (၉) ကြီး | ချောင် (၉) ချောင် |
|---|---|
| ၁။ တစ်ဝါကြီး | ပိတောက်ချောင် |
| ၂။ ချမ်းသာကြီး | ပရက္ကမချောင် |
| ၃။ မိပေါက်ကြီး | အနုရုဒ္ဓါချောင် |
| ၄။ ခွေးရုပ်ကြီး (လေးမျက်နှာ) | ကောဏ္ဍညချောင် |
| ၅။ ပြာသဒ်ကြီး | ပဘာချောင် (ရေနံ) |
| ၆။ လုံးတော်ကြီး | မဟာဗောဓိချောင် |
| ၇။ စည်းခုံကြီး | ဥပါဠိချောင် |
| ၈။ ကြေးဘုရားကြီး | ယုန်ဖြူချောင် |
| ၉။ ငါးထပ်ကြီး | ရွှေဝါချောင် |
| **အင်း (၉) အင်း** | **မှော် (၉) မှော်** |
| ၁။ ရွှေကြာအင်း | နတ်ရဲမှော် |
| ၂။ တန်းတည်အင်း | ရင်းရဲမှော် |
| ၃။ ရေမျှတ်အင်း | ရှင်လှမော် |
| ၄။ ရေခါးအင်း | လေးကျွန်းမှော် |
| ၅။ တုံအင်း | မိချောင်းမှော် |
| ၆။ ပြုကန်အင်း | ပွဲတက်မှော် |
| ၇။ ဒေါင်းမအင်း | ရွှေတောင်ဦးမှော် |
| ၈။ သနွင်းအင်း | စကုမှော် |
| ၉။ ပုဏ္ဏားအင်း | ကြယ်ယက်မှော် |

**စေတီ (၉) ဆူ**

၁။ ပတ္တမြားစေတီ
၂။ ဥမင်ကိုးဆယ်စေတီ
၃။ ပုညရှင်စေတီ
၄။ သရက္ခံပဲ့သာဝတီစေတီ
၅။ ဓေတာဝန်စေတီ
၆။ တောင်ဘီလူးစေတီ
၇။ ရွှေမြင်မိစေတီ
၈။ ထူပါရုံစေတီ
၉။ ကောင်းမှုတော်စေတီ